# အဆုံးသတ်တိုက်ပွဲနှင့်

# အခြားကဗျာများ




ရေးဖွဲ့သီကုံးသူ- ခင်မမမျိုး (မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့ချုပ်)

(မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့ချုပ်၊ ဗဟိုပြန်ကြားရေးကော်မတီမှ ထုတ်ဝေသည်)

# အဆုံးသတ်တိုက်ပွဲ



**‘မြင်းခွာတချက်ပေါက်ရင်**

**မီးဟုန်းဟုန်း**

**တောက်စေရမယ်’တဲ့၊**

နယ်ချဲ့အစိုးရရဲ့

ပြင်းပြင်းထန်ထန်

ဖိနှိပ်မှုအောက်က

နယ်ချဲ့ဆန့်ကျင်ရေး

အရေးတော်ပုံကြီးမှာ

ကျောင်းသားခေါင်းဆောင်

ကိုဗဟိန်းက

ပြောခဲ့တယ်။

**‘ရရင်ရ**

**မရရင်ချ’တဲ့၊**

ကိုလိုနီအစိုးရကို

စိန်ခေါ်တဲ့စကား၊

မြန်မာ့လွတ်လပ်ရေး

လှုပ်ရှားမှုကြီးမှာ

အမျိုးသားခေါင်းဆောင်

ကိုအောင်ဆန်းက

ပြောခဲ့တယ်။

**‘မကြောက်ဘူးလား။**

**ကြောက်သလားဆိုတာ**

**ကြောက်တဲ့လူပေါ်မှာပဲ**

**မူတည်တယ်နော်။**

**ခြောက်တဲ့လူပေါ်မှာ**

**မမူတည်ဘူး။**

**အရှုံးမပေးတဲ့စိတ်**

**အနိုင်မခံ**

**အရှုံးမပေးတဲ့စိတ်မျိုး**

**မွေးမြူကြပါ’တဲ့။**

စစ်အာဏာရှင်

စနစ်ဆိုးအောက်က

လွတ်မြောက်ရေး
အရေးတော်ပုံကြီးမှာ
လူထုခေါင်းဆောင်
ဒေါ်အောင်ဆန်းစုကြည်က
ပြောခဲ့တယ်။

**‘အမိတက္ကသိုလ်က**
**ခြသေ့်နှစ်ကောင်**
**တံခါးဝမှာ**
**နေဝင်းနဲ့**
**စစ်အာဏာရှင်တွေ**
**မြေမြှုပ်သင်္ဂြိုလ်ပြီးတဲ့အခါ**
**ငါပြန်လာခဲ့မယ်’တဲ့။**

မတရားလုပ်
အုပ်ချုပ်နေတဲ့
စစ်အစိုးရကို
စိန်ခေါ်တဲ့စကား
ဒီမိုကရေစီအရေး
လှုပ်ရှားမှုကြီးမှာ
ကျောင်းသားခေါင်းဆောင်
ကိုမိုးသီးဇွန်က
ပြောခဲ့တယ်၊

**‘ကျွန်တော်တို့အားလုံး**
**ဘဝများစွာ**
**စတေးခဲ့ပြီးပြီ။**
**လမ်းတွေပေါ်မှာ**
**အသက်ပါပေးခဲ့ပြီးပြီ။**
**ကျွန်တော်တို့ကို**
**ဘယ်ခြိမ်းခြောက်မှုမျိုးနဲ့မှ**
**ခြိမ်းခြောက်လို့**
**ကြောက်မယ့်လူလား’တဲ့။**

စစ်အာဏာရှင်
လက်ပါးစေတွေ
ထမီခြုံစိတ်ဓာတ်တွေနဲ့
လူသတ်ပွဲကျင်းပဖို့
စောင့်ဆိုင်းနေကြချိန်မှာ
တိုက်ပွဲဝင်ခေါင်းဆောင်
ကိုမင်းကိုနိုင်က
ပြောခဲ့တယ်။
ရဲဘော်တို့ရေ၊
အစဉ်အလာအရကို
မြန်မာ့သွေးဆိုတာ
ရဲရဲနီပြီးသား၊
မြန်မာ့သတ္တိဆိုတာ
ရဲရဲတောက်ပြီးသား။

ခေါင်းဆောင်တွေရဲ့
တက်ကြွတဲ့အားမာန်
ထက်သန်တဲ့စိတ်ထားတွေနဲ့
အဖိနှိပ်ခံ
ပြည်သူတွေရဲ့
နာကျည်းချက်
မြည်ဟည်းသံတို့
တစတစ
ပေါင်းစပ်လာနေပြီ။

မကြာခင်မှာ
စစ်အာဏာရှင်စနစ်
နေဝင်တော့မယ်။
အဆုံးသတ်တိုက်ပွဲ
ပါဝင်နွှဲကြစို့။

# တောက်ခေါက်သံများ



ပထမဆုံးအကြိမ်အနေနဲ့

ဘယ်တုန်းကစပြီး

တောက်ခေါက်တတ်ခဲ့လဲ

ငါမမှတ်မိတော့၊

အကြိမ်ပေါင်းများစွာ

တောက်ခေါက်ခဲ့မိတာတော့

ငါအမှတ်ရနေဆဲ။

လမ်းမပေါ်မှာ

ပလတ်စတစ်အိတ်တွေ

ကောက်နေရတဲ့

ကလေးငယ်လေးတွေတွေ့ ရင်

ငါတောက်ခေါက်မိတယ်။

အရွယ်မရောက်သေးပဲ

အုတ်ခဲသယ်၊

မဆလာရွက်

လက်ဘက်ရည်ဆိုင်စားပွဲထိုးနဲ့

ဘဝဒဏ်ခံနေရတဲ့

ကလေးငယ်တွေတွေ့ ရင်

ငါတောက်ခေါက်မိတယ်။

ဆေးရုံဆေးခန်းမသွားနိုင်လို့

ကွမ်းယာဆိုင်ကဆေးတွေ

ဝယ်သောက်နေရတဲ့

လူမမာမိသားစုတွေတွေ့ ရင်

ငါတောက်ခေါက်မိတယ်။

တစ်နေ့ နှစ်နပ်ထမင်းကို

နပ်မှန်အောင်မစားနိုင်လို့

ထမင်းရည်ဝယ်သောက်နေရတဲ့

မိသားစုတွေတွေ့ ရင်

ငါတောက်ခေါက်မိတယ်။

ဝမ်းရေးတစ်ထွာအတွက်

ကာရာအိုကေဆိုင်တွေမှာ

ဖျော်ဖြေရေးလုပ်နေရရှာတဲ့

အမျိုးကောင်း
မိန်းမငယ်လေးတွေတွေ့ ရင်
ငါတောက်ခေါက်မိတယ်။

အရွယ်လေးကခပ်ငယ်ငယ်နဲ့
ကိုယ်နဲ့ မတော်သေးတဲ့
ယူနီဖောင်းအကြီးကြီးတွေ
ဝတ်ထားကြတဲ့
ကလေးစစ်သားလေးတွေတွေ့ ရင်
ငါတောက်ခေါက်မိတယ်။

အထက်တန်းစာမေးပွဲချိန်
တက္ကသိုလ်စာမေးပွဲချိန်တွေမှာ
စာလုံးခပ်သေးသေး
စာအုပ်လေးတွေတွေ့ ရင်၊
စာရွက်သေးသေးလေးတွေ
တွေ့ ရင်
ငါတောက်ခေါက်မိတယ်။

လမ်းပေါ်မှာခွက်ဆွဲပြီး
တောင်းရမ်းနေရရှာတဲ့
အဘိုးအိုအမယ်အိုတွေတွေ့ ရင်
ငါတောက်ခေါက်မိတယ်။

အသားအရေက
မွဲခြောက်ခြောက်
ရွဲနေတဲ့မျက်ဝန်းအစုံ၊
လက်ဖျားမှာကစီးကရက်မီးတိုနဲ့
ကျောင်းသားအရွယ်
လူငယ်လေးတွေတွေ့ ရင်
ငါတောက်ခေါက်မိတယ်။

ဘယ်တုန်းကဘယ်ရွာဆီမှာ
'သူပုန်'ဆိုတာကို
အကြောင်းပြုလို့
မတော်မတရား
စော်ကားခံခဲ့ရတဲ့
မိန်းမကြီးငယ်တွေတွေ့ ရင်
ငါတောက်ခေါက်မိတယ်။

အစုလိုက်။အပြုံလိုက်
သတ်ဖြတ်ခံနေရလို့
ပြေးလွှားပုန်းအောင်းနေကြရတဲ့
တိုင်းရင်းသားမိသားစုတွေ
တွေ့ ရင်
ငါတောက်ခေါက်မိတယ်။

ဒီလိုနဲ့ ၊ဒီလိုနဲ့ ပေါ့
ငါ့ တောက်ခေါက်သံတွေဟာ
နေ့ စဉ်နဲ့ အမျှ
များပြားလာရင်း၊
တစ်နေ့ မှာတော့
ပြည်သူတွေရဲ့
တောက်ခေါက်သံတွေနဲ့ အတူ
အားလုံးစုပေါင်းလို့
တုန်ဟည်းမြည်ဟိန်းလိုက်တာ
'အာဏာရှင်စနစ်'ဆိုတဲ့
အဆောက်အအုံကြီး
ပြိုလဲသွားပါရောလား၊
နှစ်ထောင်အားရ ဖွယ်
ကောင်းလိုက်ပါဘိ။

(စစ်အာဏာရှင်စနစ်ကျဆုံးပါစေ၊)

# စောင့်မျှော်နေကြသူများ



(၁)

၂၀၀၃ ခုနှစ်ရဲ့

ပူပြင်းသော

နွေတစ်ခုဆီမှာပေါ့။

(၂)

'မေမေရေ

ကျွန်တော်ဒေါ်စုရဲ့

ခရီးစဉ်ကို

လိုက်ပို့လိုက်ဦးမယ်၊

စိတ်မပူနဲ့နော်

သားပြန်လာမှာ'တဲ့။

ပြောပြောဆိုဆိုနဲ့

ဆိုင်ကယ်လေးထုတ်ပြီး

ထွက်ခွာသွားတဲ့သား၊

ဒီသားလေးပြန်အလာကို

သားပျောက်လို့

အိပ်ယာထဲ

ဘုန်းဘုန်းလဲနေတဲ့

အမေတစ်ယောက်က

စောင့်မျှော်နေရှာတယ်၊

(၃)

'ညီမလေးရေ။

အစ်ကို၊

အန်တီရဲ့

ခရီးစဉ်မှာ

လိုက်သွားဦးမယ်။

စာတွေဘယ်လောက်ခက်ခက်
တိုင်းပြည်အတွက်ဆိုပြီး
ကြိုးစားဖတ်နော်။
ပြန်ရောက်ရောက်ချင်း
ညီမလေး
ဟဲင်းဖုန်းကို
လှမ်းဆက်လိုက်မယ်’တဲ့။

မကြာခင်လပိုင်းအတွင်းမှာ
လက်ထပ်ဖို့စီစဉ်ပြီးသား၊
ဖိတ်စာရိုက်ထားတဲ့
သတို့သားလောင်းလေးက
ရေခြားမြေခြားမှာ
ခေတ္တပညာသင်နေတဲ့
သူ့ချစ်သူ
သတို့သမီးလောင်းလေးကို
ဖုန်းနဲ့လှမ်းပြောတယ်။

အဲဒီချစ်သူရဲ့
ဖုန်းသံလေးကို
ညအိပ်ရင်တောင်
ဟဲင်းဖုန်းလေး
ရင်ဘတ်ပေါ်တင်အိပ်ပြီး
သုံးနှစ်သုံးမိုးမက
ငါးနှစ်ငါးမိုး

ချစ်ခဲ့ကြတဲ့
ကောင်မလေးတစ်ယောက်က
စောင့်မျှော်နေရှာတယ်၊

(၄)

‘မိန်းမရေ။
ညနေယာခင်းက
အပြန်ကျရင်
ဗိုလ်ချုပ်သမီးကို
ရွာရှေ့က
သွားကြိုလိုက်ဦးမယ်။
ငါမိုးချုပ်ရင်
စိတ်မပူနဲ့’တဲ့၊

ခင်ပွန်းသည်
ယာသမားကြီးက
ပြောသွားတယ်။

အဲဒီယာသမားကြီး
ပြန်အလာကို
ညနေချိန်တိုင်း
လည်တဆံ့ဆံ့နဲ့
ငယ်ကပေါင်း
အနှစ်တသောင်း
မမေ့ကောင်းတဲ့
ဇနီးသည်ကြီးက

စောင့်မျှော်နေရှာတယ်။

(၅)

'သမီးလေးရေ။
မေမေ ဒီခရီးက
ပြန်လာရင်
သမီးလေးအတွက်
အညာဇီးပေါင်းတွေ
ဝယ်လာခဲ့မယ်'တဲ့၊

အိမ်ကအထွက်မှာ
သုံးနှစ်အရွယ်
သမီးငယ်လေးကို
ဖက်ရမ်းနမ်းရှုတ်ပြီး
မိခင်တစ်ယောက်က
ပြောသွားတယ်။

အဲဒီအမေ
ဇီးပေါင်းထုတ်လေးနဲ့
ပြန်လာမယ့်ရက်ကို
လက်ချိုးရေတွက်ပြီး
ကလေးငယ်လေးတစ်ယောက်က
စောင့်မျှော်နေရှာတယ်၊

(၆)

'ယုံကြည်မှု၊
တည်ဆောက်ရမယ်'တဲ့၊
ဇာတ်ဆရာတို့ရယ်။
ကျွန်မတို့အားလုံး
တကယ်ကို
ယုံကြည်ခဲ့ကြပါတယ်။

'သင်ပုန်းချေရမယ်'တဲ့၊
ဇာတ်ဆရာတို့ရယ်
ဘယ်လောက်ပဲ
ခါးသီးတဲ့
နာကြည်းချက်တွေရှိရှိ
တိုင်းပြည်အတွက်ပဲဆိုပြီး
သင်ပုန်းချေခဲ့ကြပါတယ်။

ဒါပေမယ့်
နအဖအစိုးရဟာ
ဒီစကားလုံးတွေနဲ့
မတန်လောက်အောင်ကို
ယုတ်မာရိုင်းစိုင်း
အောက်တန်းကျခဲ့တဲ့
အစိုးရ။

ယုံကြည်ခဲ့သူတွေ
သင်ပုန်းချေခဲ့သူတွေကို

ဒီပဲယင်းလူသတ်ကွင်းနဲ့
ရက်ရက်စက်စက်
လူမဆန်စွာ
တုန့်ပြန်ခဲ့တဲ့
အစိုးရ။

(၇)
ရလာဒ်ကတော့
အိမ်ပြန်လာမယ့်သား၊
အိမ်ပြန်လာမယ့်ယောကျ်ား၊
အိမ်ပြန်လာမယ့်အမေ၊
ဖုန်းဆက်လာမယ့်
ချစ်သူတွေကို
စောင့်မျှော်နေကြသူများ။

(မှတ်ချက်၊ မျက်ရည်များနဲ့၊
ရေးခဲ့တဲ့ ဤကဗျာ၊
စောင့်မျှော်နေသူများရဲ့ ကျိန်စာကြောင့်၊
နအဖစစ်အစိုးရ
ပြုတ်ကျပါစေသား၊
စစ်အာဏာရှင်စနစ်၊အဆုံးသတ်ပါစေသား။)


**ပြည်သူ့သဘောထား လေးရပ်**

- လက်နက်အားကိုး မိုက်ရူးမျိုး၊ နအဖ စစ်ဝါဒီ စနစ်အား ဆန့်ကျင်ကြ။
- နိုင်ငံတော် တိုးတက်ရေးနှင့် စစ်မှန်သော ဒီမိုကရေစီ ရရှိရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်ပြီး သံယံဇာတများကို ခေါင်းပုံဖြတ် အမြတ်ထုတ်နေသော ပြည်ပနိုင်ငံများ အားဆန့်ကျင်ကြ။
- ကြံ့ဖွတ်၊ စွမ်းအားရှင် အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

# နောက်ဆုံးထွက်သက်



ဝင်သူဝင်
ထွက်သူထွက်၊
ထိုင်သူထိုင်
ငိုင်သူငိုင်နဲ့၊
ဒီတော်လှန်ရေး
ခရီးရှည်ထဲမှာ
နောက်ဆုံးထွက်သက်အထိ
ယုံကြည်ချက်အလံကို
ကိုင်စွဲရင်း
အလံမလှဲစတမ်း
ရင်မှာစိုက်ထူထားခဲ့သူ။

ကိုးဆယ့်ရှစ်ခုရဲ့
တစ်ခုသော
နွေကာလဆီက
‘အကျဉ်းသားထု
အခွင့်အရေး
အပြည့်အဝရရှိရေး
‘အကျဉ်းသားထု၊
အခွင့်အရေး
ကာကွယ်ရေး’
တောင်းဆိုချက်တွေနဲ့
အစာငတ်ခံ
တိုက်ပွဲဝင်ရင်း၊
ရန်သူ့အစာသွင်းပိုက်
ဆေးထိုးပိုက်တွေကို
နောက်ဆုံးကျန်
ခွန်အားတို့နဲ့
ဆွဲဖြုတ်ပစ်တဲ့သူ၊

‘အစာစားမလား”
“အသေခံမလား’တဲ့။
လူမဆန်စွာ
ခြိမ်းခြောက်တဲ့စကားကို
ယုံကြည်ချက်
သစ္စာတရားတို့နဲ့
ခေါင်းခါယမ်းတုံ့ပြန်ခဲ့တဲ့သူ။

သူဆိုသည်ကား-
ရဲဘော်ကိုအောင်ကျော်မိုး
(သို့မဟုတ်)
နောက်ဆုံးထွက်သက်အထိ
ယုံကြည်ချက်အလံကို

လွင့်ထုခဲ့တဲ့သူရဲကောင်း။

စစ်အာဏာရှင်တို့ရေ-
ဒီမိုကရေစီ
တော်လှန်ရေးဆိုတာ
ဒီလိုသူရဲကောင်းတွေရဲ့
နှလုံးသွေးစက်တွေနဲ့
တည်ဆောက်ထားတဲ့အရာ၊
လူထုထဲကလာတဲ့
လူထုရဲ့နှလုံးသည်းပွတ်၊

ဘာမဟုတ်တဲ့
အပေါ်ယံ
အခွင့်အရေးတွေအတွက်
လူ့သိက္ခာကို
ရောင်းစားတတ်သူတို့

ဆွမ်းဆန်ထဲ
ကြွက်ချေးရောကာ
ရှိနေတတ်ပေမယ့်
နောက်ဆုံးထွက်သက်အထိ
ဒူးမထောက်
အညံ့မခံ
ယုံကြည်ချက်အလံကို
စွဲကိုင်ထားတဲ့
ကိုအောင်ကျော်မိုးတို့လို
သူရဲကောင်းတွေလဲ
ရှိနေတတ်တယ်ဆိုတာ
မင်းတို့ဘယ်တော့မှ
မမေ့နဲ့။

သူရဲကောင်းတွေ
ရှိနေတဲ့တော်လှန်ရေး
ဘယ်တော့မှ
ကျဆုံးရှုံး
ထုံးစံမရှိ၊
တစ်နေ့သော
ကာလဆီမှာတော့
ပန်းတိုင်သို့
ရောက်ရမည်မလွဲပါ၊

(၁၉၉၈ခု၊မေလ ၁၃ ရက်နေ့တွင်
အစာငတ်ခံ တိုက်ပွဲဝင်ရင်း
ကျဆုံးသွားခဲ့သော။
သူရဲကောင်းရဲဘော်
ကိုအောင်ကျော်မိုးအား
ဤကဗျာဖြင့်ဦးညွှတ်ပါ၏)

## ဦးတည်ချက်သုံးရပ်

စစ်အာဏာရှင်စနစ် အလုံးစုံ ချုပ်ငြိမ်းရေး..........................................................................ဒို့အရေး

စစ်မှန်သော ဒီမိုကရေစီစနစ် ရှင်သန်ပေါ်ထွန်းရေး....................................................................ဒို့အရေး

အမျိုးသား တန်းတူညီမျှရေး၊ သွေးစည်းရေး နှင့် ငြိမ်းချမ်းရေး...................................................ဒို့အရေး

# အနာဂတ်အတွက်

ခံယူချက်လွဲလို့
ရပ်တည်ချက်မှားတဲ့
စစ်အာဏာရှူးတွေရဲ့
အုပ်ချုပ်မှုအောက်မှာ
သက်ဆိုးရှည်ဖို့
"ငါတို့တွေ
လူဖြစ်လာတာမဟုတ်ဘူး"။

ဝတ်စရာအပံ့
စားစရာအစုံနဲ့
လူ့ဘောင်လောကကြီးထဲမှာ
ဝတ်စရာမဲ့
ငတ်သေကြဖို့
"ငါတို့တွေ
လူဖြစ်လာတာမဟုတ်ဘူး"

လူကိုလူချင်း
တန်ဖိုးထားတဲ့
ခေတ်သစ်ကမ္ဘာကြီးထဲမှာ
အဖိနှိပ်ခံ
စစ်ကျွန်ဖြစ်ဖို့
"ငါတို့တွေ
လူဖြစ်လာတာမဟုတ်ဘူး"။

မိတ်ဆွေတို့ရေ-
သံသရာတကွေ့က
ရတောင့်ရခဲ
လူ့ဘဝတွေရဲ့
အနာဂတ်တွေကို
စစ်ကျွန်ဘဝနဲ့
အဆုံးမသတ်စေဖို့
အာဏာရှင်ကို
တော်လှန်မှဖြစ်တော့မယ်။

အာဏာရှင်စနစ်ကို
မြေလှန်ကြရမယ်။

# စိတ်အနာ



ဘဝခရီးတလျှောက်မှာ
ရင်နာစရာအဖြစ်တွေ
ကြုံရတိုင်း၊
မယုံနိုင်စရာ
အဖြစ်ဆိုးတွေ
ရင်ဆိုင်ရတိုင်း
အတိတ်ဆိုတာကို
ခဝါချမေ့ပျောက်ရင်း
ရှေ့ဆက်ရမယ့်
ဘဝခရီးကိုသာ
အာရုံပြုခဲ့ဖူးတယ်။

သို့ပေမယ့်လဲလေ--
အခုများမှာတော့
လက်ရှိကာလ

အဖြစ်ဆိုးတွေရဲ့
အပူမီးတွေဟာ
ငါ့ရင်မှာ တမြွမြွ
ကျွမ်းလောင်နေဆဲ၊
စိတ်အနာတွေဟာ
ငါ့ဦးနှောက်တွေကို
ဆွဲဆုတ်နေဆဲ၊
မခံချင်
နာကြည်းစိတ်တွေက
ငါ့လက်သီးတွေကို
တင်းကြပ်စွာဆုပ်ခိုင်းနေဆဲ။

ဖြစ်ပျက်ခဲ့
အကြောင်းများစွာဟာ

ငါ့စိတ်၊ငါ့အတွေးထဲကနေ

ဘယ်လိုမှဖျောက်ဖျက်
မရတော့ပါလား။

နံနက်ခင်းမိုးလင်းလို့
ပရိတ်ကြီး (၁၁)သုတ်ဖွင့်ရင်း
မေတ္တာပို့ ဆုတောင်းကို
နာကြားမိစဉ်တိုင်း
ငါ့အတွေးအိမ်ထဲမှာ
လမ်းလျှောက်မေတ္တာပို့နေတဲ့
သံဃာတော်တွေကိုပဲ
မြင်ယောင်လာမိတယ်။

နံရံပေါ်ကပ်ထားတဲ့
ရွှေတိဂုံစေတီတော်ပုံကို

ကြည်ညိုစွာ
ဖူးမြော်မိစဉ်တိုင်း
ဘုရားပေါ်မှာ
ကျခဲ့ရတဲ့
သံဃာ့သွေးစက်တွေအတွက်
ယူကြုံးမရ
မျက်ရည်ကျမိတယ်၊
ဘုရားပေါ်မှာ
နင်းခဲ့တဲ့
စစ်ဖိနပ်တွေအတွက်
ခံပြင်းစွာ
နာကြည်းနေမိတယ်။

နိစ္စဒူဝ
တနေ့တာကိစ္စများတွေမှာ
လူအများနဲ့
ဆက်ဆံစဉ်မှာလဲ
ငါ့မျက်နှာကြီးကို
အပြုံးတုနဲ့
လွှမ်းခြုံရင်း
ရင်ထဲမှာ
ငိုကြွေးနေမိတယ်၊
“Burma, Burma“ ဆိုတဲ့
ငါ့နိုင်ငံကြီးအကြောင်း
မမေးကြပါနဲ့တော့၊
အလုပ်ထဲမှာ
အများအယွင်းတွေ
ဖြစ်မှာစိုးလို့ပါလို့
အသံတိတ်စကားတွေနဲ့
တောင်းပန်နေမိတယ်။

ညအိပ်ယာဝင်ချိန်
အနန္တောအနန္တ ငါးပါးကို
ရှိခိုးကန်တော့ချိန်တိုင်း
ပုဇွန်တောင်ချောင်းထဲက
သံဃာတော်ရဲ့အလောင်းကို
မြင်ယောင်မိပြန်တော့
ရင်ထဲမှာနာလာရပြန်တယ်။

နိုးတဝက်အိပ်တဝက်
ညသံသရာမှာလဲ
ငွေကြာယံကျောင်းက
ငရဲပွက်သံတွေကို
ကြားယောင်မိပြန်တော့
မျက်ရည်စက်လက်
အိပ်စက်ညတွေ
ရှိလာရပြန်တယ်။
နအဖစစ်အာဏာရှင်တို့ရေ-
ပြီးခဲ့တဲ့အတိတ်ဆိုးတွေကို
မင်းတို့ဘယ်လိုဖုံးဖုံး
မင်းတို့ဘယ်လိုငြင်းငြင်း
အမှန်တရား
မြင်ကွင်းသက်သေတွေက
ငါတို့ရင်ထဲမှာ
စိတ်အနာအနေနဲ့
အမြစ်တွယ်နေကြပြီ။

မေ့ပျောက်လို့မရနိုင်တဲ့
စိတ်အနာတွေ
ပေါင်းစုပေါက်ကွဲစဉ်ခဏ
အာဏာရှင်စနစ်ဆိုးလဲ
တစစီလွင့်ပျောက်စေရမယ်
“သာသနာတော်ကို
စစ်ဖိနပ်အောက်
မကျရောက်စေရဘူး”။

ဒါဟာ
အသက်နဲ့လဲပစ်မယ့်
ငါတို့ရဲ့
ရပ်တည်ချက်ပဲ--။

# သူတို့ဆီမှာ




ကမ္ဘာမြေကြီးပေါ်က
လူတွေမမြင်ရသော
နေရာတခုမှာ
ဝိညာဉ်တစ်စု
စုဝေးနေကြတယ်။

လူတွေမှာလဲ
အဖွဲ့အစည်းတွေ
တူရာစဖွဲ့ကြသလို
သူတို့အဖွဲ့မှာလဲ
နာမည်ရှိတာပေါ့။

အဖွဲ့နာမည်က
“မြန်မာပြည်၌
အရှင်လတ်လတ်
သဂြိုလ်ခံရသူများ”တဲ့။

အခုစုဝေးပွဲကတော့
မကြာသေးခင်ကမှ
မီးသဂြိုလ်စက်ထဲ
အရှင်လတ်လတ်
အထည့်ခံခဲ့ရတဲ့
ဝိညာဉ်တွေကို
ကြိုဆိုလက်ခံပွဲ။

တကယ်တော့
ဒီလိုပွဲမျိုးကို
ဘယ်သူကမှ
ကျင်းပချင်တာမဟုတ်။

ဒါပေမယ့်
အခုတော့
ရင်နာနာနဲ့
အဖွဲ့ဝင်သစ်တွေကို
လက်ခံနေကြရပြီ။

“ရဲဘော်တို့ရေ-
သမိုင်းအဆက်ဆက်
စစ်အာဏာရှင်တို့ရဲ့
ယုတ်မာမှုတွေဟာ
ဒီနေရာမှာ
သက်သေရှိနေတယ်”တဲ့၊

၁၉၆၂ခုနှစ်မှာ
ကျောင်းသားသမဂ္ဂ
အဆောက်အအုံကြီးနဲ့အတူ
တခါတည်း
ဖောက်ခွဲသတ်ဖြတ်ခံခဲ့ရတဲ့
သဘာပတိလူကြီးက
မိန့်ခွန်းပြောတယ်။

“ကျွန်တော်တို့
သွေး၊ချွေးတွေ
ပေးခဲ့ရတဲ့
ဒီမိုကရေစီတိုက်ပွဲ
အခုထိအောင်ပွဲ
မရသေးဘူး”တဲ့၊

၁၉၈၈ခုနှစ်မှာ
ဒဏ်ရာတွေကို
ဆေးကုပေးမယ်ဆိုပြီး
မီးသင်္ဂြိုလ်စက်ထဲ
ထည့်ခံခဲ့ရတဲ့
ရှစ်ဆယ့်ရှစ်မျိုးဆက်
ကိုယ်စားလှယ်က
ယူကြုံးမရပြောတယ်။

”ကျွန်တော်တို့
တိုင်းရင်းသားရွာတွေမှာ
ခုနစ်နှစ်၊ ရှစ်နှစ်
ကလေးငယ်လေးတွေကိုပါ
မီးပုံထဲပစ်ချတယ်”တဲ့၊
သူ့ပုန်နဲ့
ဆက်သွယ်ပါလို့စွပ်စွဲပြီး
သစ်ပင်မှာ
ကြိုးတုပ်ရိုက်နှက်လို့
တခါတည်း
မီးရှို့သတ်ခံခဲ့ရတဲ့
တိုင်းရင်းသား
ကိုယ်စားလှယ်က
မျက်ရည်စက်လက်ပြောတယ်

“ကျွန်တော်တို့လို
အဖြစ်ဆိုးမျိုးကို
နောင်လာနောက်သားတွေ
ထပ်မကြုံရအောင်
ကုလသမဂ္ဂက
ဝင်ဖြေရှင်းပေးချင်စေတယ်”
တဲ့၊

၂၀၀၇ခုနှစ်၊ စက်တင်ဘာလ
လမ်းလျှောက်ဆန္ဒပြပွဲမှာ
သံဃာတော်တွေနဲ့အတူ
ပစ်ခတ်ဖမ်းဆီးခံရပြီး
ဒဏ်ရာရတာကို
ဆေးရုံမပို့ပဲ
သင်္ဂြိုလ်စက်ထဲ
အပို့ခံခဲ့ရတဲ့
၂၀၀၇မျိုးဆက်
ကိုယ်စားလှယ်က
အားကိုးတကြီးပြောတယ်။

သင်ပုန်းချေရမယ်ဆိုတဲ့
ဇာတ်ဆရာတို့ရေ-
ဖြစ်နိုင်မယ်ဆိုရင်လေ
ကျွန်မရှင့်တို့ကို
ဒီပွဲလေးဆီ
ခေါ်သွားချင်လိုက်တာ။

# Valentine’s Day သံစဉ်များ

<u>သံစဉ်(၁)</u>



အချစ်ဆိုတဲ့အရာကို

ရှုးမိုက်စွာခံစားမိတဲ့

မောင့်နှလုံးသားကို

အေးစာနာပါကွာ။

<u>သံစဉ်(၂)</u>



လူတိုင်းမှာ အချစ်နဲ့ပါ

လိမ်ညာကာမဆိုတတ်ပါဘူး

ကျော့အသည်းကိုတော့မခွဲပါနဲ့

ဆန်းဆန်းပြားပြားချစ်ရသူလေးရယ်။



<u>သံစဉ် (၃)</u>

အချစ်ဆိုတဲ့အရာဟာ

ယုတ်ညံ့တဲ့အရာမဟုတ်သလို

တမာလိုခါးတဲ့အရာလဲမဟုတ်ပါဘူး။

မှူးသခင်ရယ်-

ကြီးမြတ်လှတဲ့အချစ်ဟာ

သန်းကြွယ်သူဌေးတွေရဲ့

ရွှေပုံတွေထက်သာပါတယ်။

# တိုက်ပွဲဝင်နွှဲကြပါစို့



'မျိုးဆက်ရဲ့ အားမာန်တစ်ခုပါ
လမ်းကြောင်းမှန်ရွေးချယ်ခြင်း'တဲ့
တိုးသဲ့သဲ့သီချင်းသံ
ငါ့ရင်ကိုလာထိခတ်၊
အတွေးမှာနစ်မျော
မျက်ဝန်းထဲပေါ်လာသည်က
ငါတို့ မြန်မာမျိုးဆက်သစ်များ။

ငါတို့ ရဲ့ ကံကြမ္မာ
ငါတို့ ရဲ့ အနာဂတ်
ငါတို့ ရဲ့ တက်လမ်းတွေအတွက်
လမ်းကြောင်းမှန်ရွေးချယ်ခွင့်
ငါတို့ မှာရှိခဲ့ရဲ့ လား။

ကျူရှင်တက်ကာ
အောင်လာခဲ့တဲ့
အလယ်တန်း
အထက်တန်း ပညာရေး။
စာခိုးချကာဖြေကြရတဲ့
ယူနီဗာစီတီပညာရေး၊
ငါတို့ ရဲ့ ဘဝလမ်းတွေအတွက်
ကမ္ဘာ့အဆင့်အတန်းမှီ
ပညာရေး
ငါတို့ ရခဲ့ကြရဲ့ လား၊

ဘွဲ့ ရထားတဲ့ အလုပ်လက်မဲ့
ဘွဲ့ ရထားတဲ့ကားပွဲစားနဲ့

ဘွဲ့ ရထားတဲ့ဘာဘာညာညာ

ငါတို့ ရဲ့ ဘဝလမ်းတွေအတွက်

ပြည့်စုံဖူလုံစားဝတ်နေရေး။

ငါတို့ ရခဲ့ကြရဲ့ လား။

ပြောသင့်တဲ့စကားမပြောရဲ

မျက်နှာလေးတောင်မမဲ့ရဲခဲ့

ရှေ့ကြည့်နောက်ကြည့်

အထက်ကြည့်အောက်ကြည့်

ကြောက်လိုက်ရတဲ့

လူအထွေထွေ၊

ငါတို့ ရဲ့ ဘဝလမ်းတွေအတွက်

ရသင့်ရထိုက်တဲ့

လူ့ အခွင့်အရေး

ငါတို့ ရခဲ့ကြရဲ့ လား။

'ဒီမိုကရေစီဆိုတာ

ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်တဲ့

အခွင့်အရေးတစ်ခုပါ'တဲ့။

တောင်ကြီးမြို့လူထုကို

အန်တီစုမိန့် ခွန်းခြွေခဲ့။

အဖြေကတော့ရှင်းပါပြီ၊

ငါတို့ ရဲ့

ကံကြမ္မာတွေ

ငါတို့ ရဲ့

ရှေ့တက်လမ်းတွေ

ငါတို့ ရဲ့

မျှော်မှန်းချက်တွေ။

ဒါတွေအတွက်

လုပ်ပေးနိုင်တာ

ဒီမိုကရေစီလမ်းကြောင်း

မှတပါး

တစ်ခြားအရာမရှိ။

ဒီလမ်းကြောင်းကို

ဖော်ဆောင်ဖို့

လူအခွင့်အရေးတွေရလာဖို့

အမျိုးသားရေးဇာတိမာန်

မျိုးဆက်သစ်တို့

အားမာန်တွေနဲ့

ခွပ်ဒေါင်းအလံကိုကိုင်စွဲ

တိုက်ပွဲဝင်နွဲကြပါစို့ ။